mgyoe.com



မော်ပိလ

# လေထဲမပျံနိုင်တာတစ်ခုပဲ ကျန်တာအားလုံးအဆင်ပြေတယ်


လက်ရွေးစင်ကဗျာများ

စိုင်းဝင်းမြင့်စီစဉ်သည်။

mgyoe.com

9 789997 117946

mgyoe.com



ISBN 9789997117946
POEM61
9 789997 117946
2,000.00KS

mgyoe.com

လေထဲမပျံနိုင်တာတစ်ခုပဲ ကျန်တာအားလုံးအဆင်ပြေတယ်၊ မောင်ဗီလာ
မျက်နှာဖုံးပန်းချီ - ဘဌေးကြည်
စာမျက်နှာ ၉၆ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ ·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လေထဲမပျံနိုင်တာတစ်ခုပဲ ကျန်တာအားလုံးအဆင်ပြေတယ်

မောင်ဖီလာ

(လက်ရွေးစင်ကဗျာများ)

ပထမအကြိမ်၊ ၂၀၁၄

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe..com

# မာတိကာ


၁။ ရေဟာလေလိုဘာကြောင့်ငါတို့အနားမှာ
လှည့်ပတ်တိုက်နေရတာလဲ . . . . . . . . . . ၁
၂။ သာသာယာယာအေးရာအေးကြောင်း . . . . . . . . . . ၃
၃။ အမိုးစွန်းအဖျားကကြောင် . . . . . . . . . . ၅
၄။ မရောက်တဲ့ကမ္ဘာကို ရှူးတဲ့ကြက်ကလေးလို
ငါတို့သတ်စားနေရတယ် . . . . . . . . . . ၇
၅။ ငါး . . . . . . . . . . ၈
၆။ အချစ်ဟာ မောင်ဖီလာဖြစ်သလို
အချစ်ဟာ ညလွှမ်းအိမ်ဖြစ်တယ် . . . . . . . . . . ၁၀
၇။ ရှေ့မှတ်တိုင်မှာငါဆင်းမယ် . . . . . . . . . . ၁၂
၈။ ရှာနီ . . . . . . . . . . ၁၃
၉။ သူတို့တွေ ကောင်းနေကြပြီ မစွတာကတ်စထရိ . . . . . . . . . . ၁၅
၁၀။ ကောင်းကောင်း . . . . . . . . . . ၁၇
၁၁။ ဘော့ဒိုင်လန်လို နိုဘယ်ဆုကို သူလည်း
ပမာမခန့် ပြုချင်သတဲ့ . . . . . . . . . . ၁၉
၁၂။ အမှတ်တရများ (၁) . . . . . . . . . . ၂၀


mgyoe.com

mgyoe.com


၁၃။ ကိုယ်သာ 'အယ်လန်ဂျင်းစဘာ့' ဆို အင်တာဗျူးနေတဲ့ 'ဂျွန်လော့တန်' ရဲ့ရင်ဘတ်ကို ပြေးကန်ထည့်လိုက်တယ် . . . . . . ၂၂

၁၄။ သွားတွေ . . . . . . . . . . ၂၃

၁၅။ သစိတ္တ ပရိယောဒပွန် . . . . . . . . . . ၂၅

၁၆။ မြစ်ကမ်းနံဘေးမှာ . . . . . . . . . . ၂၇

၁၇။ လိုတရ . . . . . . . . . . ၂၉

၁၈။ ၃၄ လမ်းထိပ်မှာ (၁) . . . . . . . . . . ၃၁

၁၉။ ကျောက်တုံးပူပူပေါ်မှာ . . . . . . . . . . ၃၃

၂၀။ အချစ် (၆) . . . . . . . . . . ၃၆

၂၁။ ညည်းလယ်ယံစိုက်ခင်း . . . . . . . . . . ၃၇

၂၂။ မင်းအပြုအမူကို ကိုယ်စားပြုသော ငှါးသီချင်း . . . . . . . . . . ၃၉

၂၃။ အချစ်ဟာ ပူအိုက်လွန်းသောရာသီ . . . . . . . . . . ၄၀

၂၄။ ကျွန်တော် 'အိန်ဂျလီနာဂျိုလီ' နှင့် မိတ်ဆွေပန်းချီဆရာ . . . . . . ၄၁

၂၅။ ရောက်တတ်ရာရာ . . . . . . . . . . ၄၃

၂၆။ မီးခိုးများအူထွက်လာတဲ့အထိ . . . . . . . . . . ၄၅

၂၇။ ကဗျာ . . . . . . . . . . ၄၇

၂၈။ ကျွန်တော်ပျော်နေတဲ့ကမ္ဘာ . . . . . . . . . . ၄၈

၂၉။ ခြေရာလက်ရာ (၂) . . . . . . . . . . ၅၁

၃၀။ မအောင်မြင်သောတေးသွား . . . . . . . . . . ၅၅

၃၁။ စိတ္တနုပဿနာ . . . . . . . . . . ၅၇

၃၂။ ပြန်ဆိုတေး . . . . . . . . . . ၅၉

၃၃။ ပန်းဆိုးတန်း . . . . . . . . . . ၆၀

၃၄။ ဂေါ်ဂင်ရဲ့သစ်သီးကို အရည်ရွှမ်းအောင်ရေးနည်း . . . . . . . . . . ၆၂

၃၅။ တစ်ယောက်တည်း . . . . . . . . . . ၆၈

၃၆။ အညတရကြယ် . . . . . . . . . . ၇၀

၃၇။ အထိအခိုက်များတဲ့ ဇာတ်လိုက် . . . . . . . . . . ၇၂


mgyoe.com

mgyoe.com

၃၈။ ငါ့စိတ်ကို မီးခလုတ်လို
လာလာမဖွင့်နဲ့တော့ . . . . . . . . . . ၇၄
၃၉။ ကျွန်တော်ရှိခဲ့တယ်... ကျွန်တော်ရှိနေတယ်...
ကျွန်တော်ဆက်ပြီးတော့ရှိလိမ့်မယ်... . . . . . . . . . . ၇၆
၄၀။ တွေဝေသူ . . . . . . . . . . ၇၈
၄၁။ လူစွမ်းကောင်း . . . . . . . . . . ၈၀
၄၂။ သွားတွေ (၂) . . . . . . . . . . ၈၁
၄၃။ သွေးတွေပန်းထွက်နေတာတောင် သူ့မှာ
ရီ(ရယ်)စရာတွေရှိနေတယ် . . . . . . . . . . ၈၃
၄၄။ လူအို . . . . . . . . . . ၈၅
၄၅။ Bullet . . . . . . . . . . ၈၆
၄၆။ အချစ် (၅) . . . . . . . . . . ၈၈
၄၇။ အချစ်နဲ့ အနုပညာ . . . . . . . . . . ၈၉
၄၈။ ၃၄ လမ်းထိပ်မှာ (၂) . . . . . . . . . . ၉၀
၄၉။ တစ်ယောက်တည်း ၂ . . . . . . . . . . ၉၂
၅၀။ ကျွန်တော် ရောက်ရှိနေတဲ့အရပ် . . . . . . . . . . ၉၃

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ရေဟာလေလိုဘာကြောင့်ငါတို့အနားမှာ
## လှည့်ပတ်တိုက်နေရတာလဲ

သစ်ရွက်ကြွေတွေပေါ် ရှပ်ပြေးနေမယ့်အစား
လွင့်နေတဲ့တိမ်တွေပေါ်မှာ ကဗျာလာရေးစမ်းပါကွာတဲ့
ဝတ်ဖြူစင်ကြယ်နဲ့ပုဂ္ဂိုလ်က message box ထဲကနေ စာလာပို့တယ်
ဒီမှာလည်း မြို့ရွာအနှံ့ ရေတွေက ရောင်ကိုင်းနေတာပဲ
ရောင်ကိုင်းနေတဲ့ရေပေါ်မှာ မတ်တတ်ရပ်ပြီး လေဟာပြည့်နေတယ်
ပြည့်နေတဲ့ လထဲကနေ ဓမ္မစကြာသုတ်ကို
မီးသတ်ပိုက်နဲ့ စုပ်ထုတ်နေရတယ်
ကြွက်သားအမြောင်းမြောင်းထနေတဲ့ ရယ်သံတစ်ခု
ကျွန်တော့် ဦးခေါင်းကို ဒုတ်ခနဲလာစိုက်တယ်
ခြေတုတပ်ထားတဲ့ ဘုရားသခင်က
တနင်္လာနေ့ယောင်ဆောင်ပြီး
အမဲသားဆိုင်ရှေ့မှာထိုင်နေတယ်

mgyoe.com

mgyoe.com


ကမ္ဘာ့အဆင့် ၂ နဲ့သစ်တောတွေ
ဟိုကောင်တွေရဲ့ ဘဏ်တိုက်ထဲ ပြေးဝင်ကုန်ကြတော့
ဒီမှာကမ္ဘာ့ အဆင့် ၁ နဲ့ ငါတို့ရေနစ်နေကြရတာပေါ့
မာန်နတ်က ဘုရားသခင်ရှေ့ကို ရေလို ပရိဘောဂတွေကို ထွေးထုတ်လိုက်တယ်
အဲဒီပရိဘောဂတွေက ဘုရားသခင်ရဲ့ မေးရိုးကို ချိုးပစ်ချင်နေကြတယ်
အမဲသားသည်က ကြွက်သားအမြောင်းမြောင်းထနေတဲ့ ရယ်သံကို
စဉ်းတီတုံးပေါ်တင်ပြီး သားလှီးဓားနဲ့ လွှဲခုတ်ချလိုက်တယ်
တနင်္လာနေ့ဟာ မျက်နှာပေါ်လာစဉ်တဲ့ အသားစကို လက်ဖမိုးနဲ့ သပ်ချလိုက်ရင်း
လျှပ်စစ်ပစ္စည်းဆိုင်ထဲ ထော့နင်းထော့နင်းနဲ့ ဝင်သွားတယ်
ရေဟာ လေလို ငါတို့ရဲ့ပတ်ချာလည်မှာ လှည့်ပတ်တိုက်နေဆဲ။ ။

၃၀၊ ဇူလိုင်၊ ၂၀၁၈။

mgyoe.com

mgyoe.com



# သာသာယာယာအေးရာအေးကြောင်း

သာသာယာယာပဲ
ကိုယ်သာယာနေတဲ့အကြောင်းကို
ပြတင်းပေါက်ပေါင်ပေါ်မှာ နားနေတဲ့
စာဝါငှက်ကလေးကတောင် ရိပ်မိသွားတယ်
ကိုယ်သာယာနေတာကို ကိုယ်ပဲသိတယ်
ခန်းဆီးကလေးကို တွန်းထုတ်နေတဲ့ လေပြည်ထဲမှာ
ကိုယ်သာယာမှုဟာ တဖြူးဖြူး
ဝရန်းသုန်းကားဖြတ်မောင်းသွားတဲ့
ဆိုင်ကယ်ပေါ်က ကောင်ကလည်း
ကိုယ်သာယာမှုကို မီးထိုးပြီးကြည့်သွားတယ်
ပန်းချီကားက အိမ်မြှောင်ကို ငုံထားတယ်
ပန်းချီကားပေါ်က အိမ်မြှောင်ကလည်း
ကိုယ့်သာယာမှုထဲကို စုတ်ထိုးထည့်နေတယ်

mgyoe.com

mgyoe.com


ဓာတ်မီးတိုင်အောက်မှာ စာဖတ်နေတဲ့ လင်ကွန်းကလည်း
ကိုယ့်သာယာမှုကို စာမျက်နှာ ၂၇ မှာ ရှာတွေ့သွားတယ်
တော်လှန်ရေးကြီးပြီးရင်
သာသာယာယာပဲ ခြံစိုက်စားတော့မယ်
ကျည်ကတ်ကိုလွယ်ပြီး စမ်းချောင်းကလေးကိုဖြတ်နေတဲ့ ရဲဘော်ကလည်း
ဝရန်တာပေါ် ပက်လက်ကုလားထိုင်နဲ့ ထိုင်နေတဲ့
ကိုယ့်လို သာသာယာယာပါပဲ
ကိုယ်သာယာနေတဲ့အကြောင်းကို ကိုယ်ကိုယ်တိုင်ပဲသိတယ်
ဒါကြောင့် ကိုယ်သာယာနေကြောင်းကို
သာသာယာယာပဲ မင်းဆီ ကဗျာရေးပြီး ပြောမိတယ်။ ။

၉၊ မေ၊ ၂၀၁၈။

mgyoe.com

mgyoe.com



## အမိုးစွန်းအများကကြောင်

ပြတင်းပေါက်မှန်ကို ငှက်တစ်ကောင် ဖြုန်းခနဲ လာဝင်ဆောင့်တော့
မျက်နှာကြက်ပေါ်ကနေ ချောကလက်ဂျယ်လီတွေ ကျလာတယ်
မီးဟာ ဈာန်နဲ့ကြွလာပြီး
ကျွန်တော့်ရဲ့ဦးခေါင်းထဲ အခွံမန္တာရသေးတဲ့ ကျောက်တုံးတွေလို ပျံနေတယ်
အဲဒီငါးက ရေအရှည်ကြီးထဲမှာ နေတဲ့ငါး
ရေတံခွန်ကို ကုန်သွားအောင်ကြည့်ပစ်နိုင်မှ
ကျွန်တော်တို့ အဲဒီငါးကိုရပါလိမ့်မယ်
ကန်ထရိုက်တာက သူ့ဆောက်လက်စ အဆောက်အအုံကို သူပြန်ကြည့်နေသလို
ကျွန်တော်ရေးနေတဲ့ကဗျာကို ကျွန်တော်ပြန်ကြည့်နေတယ်
ကျွန်တော့်ကဗျာဟာ ကြောင်တစ်ကောင်ဖြစ်သွားပြီး
အဆောက်အဦရဲ့ အမိုးအစွန်းမှာ သွားရပ်နေတယ်
ကဗျာထဲကနေ တစ်မြို့လုံးကို ကျွန်တော်လှမ်းမြင်နေရတယ်

mgyoe.com

 mgyoe.com

တိမ်ထဲမှာလွင့်နေတဲ့ မိုးသားတွေ
မိုးကုပ်စက်ဝိုင်းအစပ်က အရည်တလဲ့လဲ့ မြက်ခင်းစိမ်းစိမ်း
တံတားပေါ်မှာ တစ်ယောက်အနာဂတ်ကို တစ်ယောက်ဆုပ်ကိုင်ပြီး
တစ်ယောက်မျက်လုံးထဲတစ်ယောက်
အဝင်အထွက်လုပ်နေတဲ့ ကောင်လေးနဲ့ ကောင်မလေး
ဆေးခန်းထဲ တုန်ချည့်တုန်ချည့်နဲ့ လှမ်းဝင်သွားနေတဲ့ ဆည်းဆာ
ဘူတာရုံထဲ လူတွေကို ထွေးချလိုက်တဲ့ ရထား
ကန်စွန်းခင်းတွေနဲ့ ညှိနေတဲ့ နေလုံးနီနီ
မှည့်နေတဲ့ ညနေခင်းထဲ
ပုလင်းခွံကို ပစ်ထည့်လိုက်တဲ့ အရက်သမား
အားလုံးကို အသေးစိတ် ကျွန်တော်မြင်နေရတယ်
ကျွန်တော်မြင်သလို ကျန်တဲ့သူတွေကိုလည်း
မြင်စေချင်တဲ့ ဆန္ဒဟာ
ကျွန်တော့်ငယ်ထိပ်ကနေ ဖောက်ထွက်သွားပြီး
တစ်မြို့လုံးအနှံ့ကို လျှောက်ပတ်ပြေးနေတယ်
အမိုးစွန်းအဖျားမှာ ရပ်နေတဲ့ကြောင်ဟာ
ကျွန်တော့် အစာအိမ်ထဲကငါးကို အာသာငမ်းငမ်း လှမ်းကြည့်နေတယ်
ဒီရေတံခွန်ကို တစ်စက်မကျန် ကုန်အောင်ကြည့်ပစ်နိုင်ပါမှ
အဲဒီငါးကို မင်းရပါလိမ့်မယ်... ဟဲ့ကြောင်။ ။

၇၊ ဩဂုတ်၊ ၂၀၁၈။

mgyoe.com

mgyoe.com



# မရောက်တဲ့ကမ္ဘာကို ရှုံးတဲ့ကြက်ကလေးလို ငါတို့သတ်စားနေရတယ်

ပါးစပ်ဟလိုက်တာနဲ့ လည်ချောင်းထဲ သံဆူးကြိုးဘယ်နှခွေရှိလဲဆိုတာ ကဗျာကသိတယ်။
ဒါကြောင့်ဖွန်ဘီတွေရဲ့သွားတွေနဲ့ လွတ်အောင် ကျွန်တော်တို့ကျူးတွေလိုပြောင်းရွှေ့နေထိုင်ကြရတယ်။
သူ့ရဲ့ရွာသာကြီး သီအိုရီထဲမှာ ဒိုင်နိုဆောတွေ အတောင်ပံတဖျပ်ဖျပ်ခတ်နေလို့
တလူလူလွင့်နေတဲ့ ဘုရားရဲ့သက်န်းစကို ဒရုန်းနဲ့ မ တင်ထားရတယ်။
ကျွန်တော်တို့ ခန္ဓာကိုယ်ထဲဝင်ပြီး အပေါ့စွန့်နေတဲ့ သက္ကရာဇ်တွေ
တိုက်တာအဆောက်အအုံတွေလို အခိုင်အမာဆောက်လုပ်ထားတဲ့ သင်ခန်းစာတွေ
ခွေးလေခွေးလွင့်တွေလို အချင်းချင်းမာန်ဖီကိုက်ခဲနေ။
သွေးကြောထဲ ဘား ဖွင့်ထားတဲ့ဂတ်စ်အိုးက
မြွေတွေနှာမှုတ်သလိုတရှူးရှူး
ကုတ်ကင်းမသုံးဘဲနဲ့ ရ နေတယ်
WY မသုံးစွဲဘဲနဲ့ ကောင်းနေတယ်
ဈာန်ရသလို ငှက်တောင်ပံကလေး လေထဲဝဲလွင့်နေသလို။
ကမ်းခြေမသွားလည်း ငါတို့ကိုယ်တိုင်က ကမ်းခြေ
ငါတို့ကိုယ်တိုင်က နယူးဂီနီ ငါတို့ကိုယ်တိုင်က ဝါရှင်တန်ဒီစီ
ငါတို့ကိုယ်တိုင်က ပျံလွှားငှက်ထဲမှာ ဖောက်ထိုးပျံလို့။
ဒီအရေးအသားထဲ ငါးရှဉ့်ခြောက်စပ်တစ်ပွဲလာချသွားလည်း အရသာမရှိဖြစ်ရတယ်။
ဆံပင်ဘုတ်သိုက်နဲ့ လေယာဉ်ပျံကလည်း ဂျွန်လင်နွန်ဆိုတဲ့နာမည်နဲ့ ငါတို့ သီချင်းတွေထဲ ပျံပျံလာတယ်။
ဒါကြောင့် မရောက်တဲ့ကဗျာကို ရှုံးတဲ့ ကြက်ကလေးလို
ငါတို့ ပြန်ပြန်ပြီး သတ်စားနေရတယ်။ ။

၂၁၊ ဩဂုတ်၊ ၂၀၁၈။

mgyoe.com

mgyoe.com


# ငါး

ငါး ကိုရေထဲမှာမမွေးဘဲ မီး ထဲမှာမွေး
ထားတယ်။
တဖျပ်ဖျပ်ခတ်နေတဲ့မီးပွင့်နဲ့ ငါး ဟာစိတ်တိုင်း
ကျမိတ်လိုက်နေတယ်။
ငါး ဟာရေမှော်တွေနဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့
ပုံတူကိုပါ စားပစ်လိုက်တယ်။
ငါး မှာနာမည်မရှိဘူး။ဒါကြောင့် အလန်ကွာတာမိန်း နာမည်ကိုခဏပေးသုံးဖို့
ငါး ဟာမကြာမကြာပူဆာတယ်။
ငါး ဟာသူ့အသက်ဘယ်လောက်ရှိမှန်း
သူမသိဘူး။
သူ့ကိုယ်သူဘယ်လောက်လှမှန်းလည်း
သူမသိဘူး။
ငါးရဲ့ဗိုက်ထဲမှာ ဝါယာကြိုးတွေနဲ့ဆွဲကြိုးချသေနေတဲ့ တိမ်တွေလွင့်နေတယ်။
ငါးရဲ့မျက်လုံးတစ်ဖက်က တီဗွီမှာလာနေတဲ့
money drop အစီအစဉ်ကိုကြည့်နေပြီး
နောက်မျက်လုံးတစ်ဖက်က အလန်ဂျင်းစဘတ်ရဲ့ အူသံကဗျာကို ဖတ်နေတယ်။ငါးကအထီးတစ်ကောင်
ဖြစ်နိုင်ဖွယ်ရှိပေမဲ့ မိန်းမလှတွေနဲ့ ထဘီခတ်သံကို မုန်းတယ်။
ငါးမှာ အမြီးမရှိဘူး။ ဒါကြောင့် ခွေးဟောင်သံကို
အမြီးလိုခန္ဓာကိုယ်မှာ ချိတ်ဆွဲထားရတယ်။

mgyoe.com

mgyoe.com



စပိတ်တစ် ဖဲချပ်တွေဟာ ငါးရဲ့အကြေးခွံတွေဖြစ်ပြီး
ဗလာဒီမာပူတင်ရဲ့ မျက်နှာပေးလို ငါးရဲ့အသည်းနှလုံးဟာ မာရေကျောရေရှိတယ်။
ဝန်ကြီးချုပ်ရဲ့မိန့်ခွန်းနဲ့ လူနာတင်ကားရဲ့ဥသြ
ဆွဲသံကို မခွဲခြားတတ်လို့
ငါးဟာကန်ထဲမှာနေပြီး ချောက်ထဲကိုကျကျနေရတယ်။ ငါးဟာအချစ်
ကို အောက်ဆီဂျင် လိုကိုးကွယ်တယ်။
ဒါကြောင့် မိုးမကြာမကြာလာတဲ့ တိုင်းပြည်မှာ
ငါး ရဲ့အသည်းနှလုံးဟာလည်း ခဏခဏ
ယောက်ယက်ခတ်ရတယ်။
ငါး ဟာငွေစက္ကူကို နတ်ဘုရားရဲ့ နားရွက်လို့
အထင်ရောက်နေတယ်။
လူခြေတိတ်ချိန်ဆို ငါး ဟာသူ့ကိုယ်သူနှစ်ပိုင်း
ဖြတ်လိုက်တယ်။
တစ်ပိုင်းကို ကဗျာစာသားတွေနဲ့ ရောထားလိုက်
ပြီး ကျန်တစ်ပိုင်းကို လေထဲမျောလာတဲ့အသား
ကြိတ်စက်ထဲ ခုန်ဝင်ခိုင်းလိုက်တယ်။
ဘယ်တော့မှ ရေမကူးတတ်တာ တစ်ခုတည်းနဲ့
ငါးဟာ အလှမွေးသူတွေရဲ့ အသည်းစွဲဖြစ်နေဆဲ။ ။

၇၊ စက်တင်ဘာ၊ ၂၀၁၈။

mgyoe.com

mgyoe.com

# အချစ်ဟာ မောင်ပီလာဖြစ်သလို
# အချစ်ဟာ ညလွှမ်းအိမ်ဖြစ်တယ်

ကိုလံဘတ်က အမေရိကတိုက်ကို တီထွင်ခဲ့တာမဟုတ်
ရှာတွေ့ခဲ့တာ။ အဲဖရက်နိုဘယ်လ်က
ဒိုင်းနမိုက်ကို တီထွင်ခဲ့တာ။
အချစ်ဟာ ငါတို့ဆီ ဒိုင်းနမိုက်လို အမေရိကတိုက်လို
ရောက်လာတယ်။
အချစ်ဟာ သန့်စင်ထားတဲ့ ယူရေနီယံ
ဗိုက်ဘာထဲက အသံကို စကန်ဖတ်ပြီး အင်္ဂါဂြိုဟ်ဆီကို
ဗုဒ္ဓဟူးနေ့မှာ ကားလက်မှတ်ဖြတ်လိုက်တယ်။
ကားက အငမ်းမရ ကြယ်တံခွန်။ ဂုတ်တွင်းမှာ
ဘုရားကို လှမ်းခေါ်ပြီး နောင်ချိုအဝင်မှာ ဘုရားကို ပြန်လွှတ်ချတယ်။
အချစ်ဟာ သက်တံပေါ်က လျှောဆင်းလာတဲ့ မာသာထရီဇာ
ရေသူမလေးက အိပ်မက်တံဆိပ်ဆိုင်ကယ်နဲ့
ထင်းရှူးတောထဲကနေ မီးတောက်ဆီ တစ်ရှိန်ထိုး ကူးခတ်လာတယ်။
အချစ်ဟာ ကင်တိုဓားကို
သွားတွေနဲ့ ကိုက်ထားတဲ့ ဆာမူရိုင်း
အသေခံဝတ်စုံပေါ်မှာ အရောင်တဖျပ်ဖျပ်ထွက်နေတဲ့ ကြယ်
အံ့ဖွယ်ပေါ်လီယာနာက လရောင်ကို ဇစ်ဆွဲအိတ်ထဲမှာ ပိတ်ထည့်ပြီး
ခိုင်သဇင်လမ်းသွယ်ကလေးထဲ တွန်းဝင်လာတယ်။
အချစ်ဟာ ကြိုးလွတ်သွားတဲ့ ခွေးကလေးတစ်ကောင်ရဲ့
ပျော်ရွှင်မှု။

mgyoe.com

mgyoe.com



ကုန်ဦးလမ်းအတိုင်းသွားရင် လက်ဆယ်ကန်ထောင့်မှာ ငါးနိုးမှုားနေတဲ့ အားနက်ဟဲမင်းဇေကိုတွေ့မယ်။
သူ့ကို ကျွန်တော်တို့သွားပြီး ချောင်းချောင်းကြည့်ကြတယ်။

ညနေညနေ တိမ်တွေဟာ ပေါလ်မက္ကနေးရဲ့ဂစ်တာယောင်ဆောင်ပြီး ကျွန်တော်တို့ ခေါင်းပေါ်က
ဖြတ်ပျံနေကြတယ်။ ဘဝကိုမြှင့်တင်ထားရပါတယ်ဆိုတဲ့ ဘဝမြင့်ရပ်ကွက်ဟာ ကျွန်တော်တို့အတွက်
နာမည်ကျော် ဝေါလ်ဒစ္စနေး။

နယ်လှည့်ဆပ်ကပ်အဖွဲ့ထဲက လူစိမ်းတွေလို အချစ်ဟာ
စိတ်ဝင်စားစရာကောင်းတယ်။
အချစ်ဟာ ရောင်စုံပန်းခင်းကြီးထဲ သူ့တောင်ပံတစ်ဖက်ကို
ဖြတ်ချလိုက်တဲ့ လိပ်ပြာ
ကြောင်မကလေးဟာ ဆည်းဆာကို လိုက်ကာစလို
မ တင်လိုက်ပြီး ကြွက်ထောင်ချောက်နဲ့တူတဲ့ ကျွန်တော့်ဘွဲ့ခွာတပ်ပုံထဲ သူ့စမ်းချောင်းကလေးကို
မှောက်ချလိုက်ပါတယ်။

အချစ်ဟာ မောင်ဖီလာဖြစ်သလိုအချစ်ဟာ ညလွှမ်းအိမ်လည်းဖြစ်တယ်။ ။

၂၀၊ အောက်တိုဘာ၊ ၂၀၁၈။

mgyoe.com

mgyoe.com


# ရွှေ့မှတ်တိုင်မှာငါဆင်းမယ်

ဘတ်စ်ကားက ကြွက်လှျောက်တန်းပေါ် ဒိန်ခဲလိုအရည်
ပျော်ကျနေပြီး
ကောင်မလေးခန္ဓာကိုယ်ပေါ်က သစ်တော်သီးတွေဆီ ဒရိုင်ဘာကဆွမ်း
ခံကြွနေတယ်။
ငါ့အသည်းကို ဓာတ်မှန်ရိုက်ထားတဲ့ ဖလင်ပြားတွေ
အဆောက်အအုံဟောင်းထဲက ကျီးကန်းတွေလိုပျံထွက်
နေ။ဆာလောင်လွန်းလို့ မြင်းတစ်ကောင်လောက်
အစာအိမ်ထဲ လမ်းမှားဝင်လာပါစေ ဆုတောင်းမိတယ်။
ငါ့ဦးထုပ်မှာအစာအိမ်မရှိဘူး။နေလုံးဟာဝင်ရိုးကနေပြုတ်ထွက်လာပြီးလွှစက်တစ်ခုလိုငါတို့ခေါင်းပေါ်မှာတ်
အောင်လည်နေတယ်။ လွှစက်ကနိုင်ငံတော်ရဲ့
တုတ်ကောက်ကို
အမှုန့်တွေဖြစ်သွားတဲ့အထိတိုက်စားပစ်လိုက်တယ်။
လွှစာမှုန့်တစ်ဝက်ဟာက ဒရိုင်ဘာရဲ့လက်ထဲ
စတီယာရင်ဖြစ်သွားပြီး နောက်လွှစာမှုန့်တွေကလေထဲ
တွဲလောင်းကျနေတဲ့မွန်ချီရဲ့အော်သံဖြစ်သွားတယ်။
မွန်ချီရဲ့အော်သံကိုပြတင်းပေါက်တစ်ခုလိုငါဆွဲဖွင့်လိုက်တယ်။
ပြီးတော့ရွှေ့မှတ်တိုင်မှာဆင်းမယ့်အကြောင်းဒရိုင်ဘာရဲ့
သစ်ရွက်ခြောက်တွေကိုနင်းပြီး ငါအော်ခေါ်တယ်။ ။

၂၂၊ ဒီဇင်ဘာ၊ ၂၀၁၈။

mgyoe.com

mgyoe.com



# ရှာန်

လမ်းဘေးအုတ်ခုံမှာထိုင်နေရင်းငှက်တစ်ကောင်ရဲ့
မျက်လုံးထဲစကြိုလျှောက်နေတဲ့သူတော်စင်ကိုတွေ့လိုက်တယ်။ မီးသီးတစ်လုံးကျကွဲသွားတဲ့အသံမျိုးနဲ့
သူတော်စင်ဟာကမ္မဋ္ဌာန်းတရားကိုရွတ်နေတယ်။ သူတော်စင်ရဲ့မျက်လုံးထဲမှာလည်းငှက်တွေပျံနေတယ်။
ငှက်တွေပျံနေတဲ့မျက်လုံးနဲ့သူတော်စင်ဟာနာရီစင်ကြီး
ကိုလှမ်းကြည့်တယ်။
သူတော်စင်ရဲ့သပိတ်ထဲမှာ မော်စီတုံးရုပ်တုရဲ့ဦးခေါင်းပြတ်ကြီးကမိန့်ခွန်းတွေ
ပြောနေတယ်။
နာရီစင်ကြီးကဒင်ခနဲထမြည်ပြီးမော်စီတုံးရဲ့မိန့်ခွန်းကို
ကိုက်ဖြတ်လိုက်တယ်။
ငှက်တွေပျံနေတဲ့မျက်လုံးကိုသူတော်စင်က ကုန်မာဆိုင်ကလေးဆီရွှေ့တယ်။ဝက်အူလှည့်
တွေ၊ သံဖြတ်လွှတွေ အိမ်ရိုက်သံတွေ အုန်းဆံကြိုးတွေ
ဒီဇယ်ပုလင်းတွေ လေထဲလွင့်ကုန်တယ်။
သူတော်စင်ရဲ့လက်မောင်းမှာနိုင်ငံတော်အတိုင်ပင်ခံရဲ့
ရုပ်ပုံကို တက်တူးထိုးထားတယ်။
သူတော်စင်ရဲ့ပါးစပ်ထဲမှာတော့ အရောင်တဝင်းဝင်း လ ကို ဒိန်ခဲလိုငုံထားတယ်။
အရွယ်တူကြယ်ဖြူ ၁၄ လုံးပါတဲ့ နိုင်ငံတော်အလံဟာ 501
ဂျင်းသားနဲ့ချုပ်ထားတဲ့ သူတော်စင်ရဲ့ သင်္ကန်းစ။
သူတော်စင်ဟာ အခုအချိန်မှာ wy ဆေးပြားလေးတွေကို
ဘုဉ်းပေးချင်စိတ်ဖြစ်နေမိတယ်။
ငြိမ်းအေးရာအရပ်ကိုကြွဖို့ သူတော်စင်မှာရှာန်လိုနေတယ်။

mgyoe.com

mgyoe.com


သူတော်စင်ဟာ လမ်းဘေးအုတ်ခုံမှာ သက်သောင့်သက်သာ
နဲ့ ထိုင်နေတဲ့ကျွန်တော့်ကိုမလိုတမာမျက်လုံးနဲ့လှမ်း
ကြည့်တယ်။
သူ့မျက်လုံးထဲကငှက်တွေပျံထွက်လာပြီးကျွန်တော့်ကိုထိုးဆိတ်တယ်။
ကျွန်တော့်ကဗျာထဲကစျာန်ကိုမွတ်သိပ်တဲ့ငှက်တွေကနေတစ်ဆင့်လှမ်းယူတယ်။
သူတော်စင်ဟာစျာန်ရသွားပြီးငှက်မွေးကလေးလိုလေနှင်ရာတဖြည်းဖြည်းလွင့်သွားတယ်။
ကျွန်တော်ကတော့ လမ်းဘေးအုတ်ခုံပေါ်မှာလူမမာတစ်ယောက်လို
နှုံးချည့်ခွေခေါက်ပြီးကျန်ခဲ့တယ်။ ။

၂၊ မတ်၊ ၂၀၁၉။

mgyoe.com

mgyoe.com



## သူတို့တွေ ကောင်းနေကြပြီ မစ္စတာကတ်စထရို

ရဟန္တာလို ဈာန်ရနေတယ်
အတောင်ပံ တဖျပ်ဖျပ်ခတ်ပြီး
ငှါးကလေး အုတ်နံရံ ဖောက်ထွက်ပျံသန်းသွားတဲ့နောက်ကို
နောက်တစ်ပြား ထပ်တင်ပြီးလိုက်တယ်
ဆေးကွဲနေတဲ့ကြယ်တွေ
လည်ချောင်းကို လိမ်ချိုးလိုက်တဲ့အူသံ
သူ့သီချင်းညည်းသံက
စေတီအဟောင်းပေါ်ကနေ အုတ်ချပ်တွေကွာကျသလို
သွပ်ခေါင်မိုးပေါ် လိင်စိတ်တက်ကြွကြောင်တွေ
တပြုန်းပြုန်း ပြေးလွှားနေသလို
ဆေးခြောက်ထုတ်ထားတဲ့ စက္ကူပေါ်
သူရေးထားတဲ့ကဗျာကို
ရတနာမြေပုံလို ခိုးခိုးပြီးပြတယ်
ကတ်စထရိုရဲ့ မုတ်ဆိတ်မွေးတွေဟာ
ကျူးဘားက အရည်ရွှမ်းတဲ့ ကြံခင်းတွေလို့
သူသိခဲ့တယ်

mgyoe.com

mgyoe.com

တော်လှန်ရေးကြီး အောင်မြင်အောင်
မုဆိုးမတွေကို လက်နက်တပ်ဆင်ပေးရမယ်
သစ်တော်သီးခြင်းကြီးမှောက်ပြီး
သစ်တော်သီးကလေးတွေ လိမ့်ဆင်းသွားသလို
ကလေးတွေက ရိက္ခာထုပ်ဆီပြေးကြတယ်
မြစ်ထဲရေချိုးဆင်းနေတဲ့ မိန်းကလေးရဲ့အသက်ကို
ရန်သူ့ရိုင်ဖယ်က လှျာနဲ့ လှမ်းလျက်တယ်
မြစ်ဟာ ကတ်စထရိုအရောင်နဲ့ စီးမြဲစီးလျက်
ကမ္ဘာကျော် လျှောက်လဲချက်စာအုပ်ကို
ပါးစပ်မှာကိုက်ထားပြီး
ကျူးဘားက ပြည်သူတွေကို ဂျပန်ဘာသာနဲ့တရားဟောတယ်
'လ' က သူ့မိန့်ခွန်းကို နားထောင်တယ်
ပြီးတော့
သူ့အမွေးအမျှင်တွေကို ညထဲ ခါချလိုက်တယ်။ ။

mgyoe.com

mgyoe.com



## ကောင်းကောင်း

သူ့ဆီက ဖုန်းဝင်လာတယ်
ဖေဖေ သား နောက်တစ်ပတ်မှ လိမ္မာမယ်
အလှမွေးငါးကန်ထဲက ကျောက်စရစ်ခဲတွေကို ဆယ်ပြီး
ဝရန်တာပေါ်ကနေ တဖျောဖျော ပစ်ချတယ်
မုန့်တိုင်းကိုထားခဲ့ပြီး တိုနီကို ပြန်ခေါ်သွားပါဆိုသလိုမျိုး
ဖေဖေ သား နောက်တစ်ပတ်မှ လိမ္မာမယ်
သူနဲ့တွေ့တော့ လက်လက်ထလည်း လက်နှစ်ဖက်ကို အပေါ်ကို
မြှောက်ပြီးပြေးတယ်
မလွတ်လောက်ဘူးထင်ရင်
ချောကလက်ကျွေးပြီး အညှိခံတယ်
နဖူးမောက်မောက် ဆံပင်နီကြောင်ကြောင်နဲ့
ကောင်ကလေး
မုဆိုးမြို့ကို တင့်ကားတွေနဲ့ တက်သိမ်းပစ်လိုက်ပြီ။
သီချင်းဆိုနေတဲ့ လမင်းလေးရဲ့ ရင်ဘတ်ပေါ်
သူ့ချောကလက်ကို သွားတင်တယ်
ခုနစ်စင်ကြယ်ရဲ့ အမြီးကိုဖြတ်ပြီး ခေါင်းကို အုတ်ခဲနဲ့ထုတယ်
သရဲရထားပေါ်ကနေ ကြယ်အစုံလအစုံနဲ့ ခုန်ချတယ်

mgyoe.com

mgyoe.com


ငါလာမှကြီး
ငါလာမှသီး
ဆိုပြီး
ပေပင်ကို ကျိန်စာတိုက်ခဲ့သလို
ဖေဖေ သား နောက်တစ်ပတ်မှ လိမ္မာမယ်
ဒီ့ထက်ကြီးသွားရင် ချစ်စရာမကောင်းတော့ဘူး
ဒါကြောင့် သူရီ(ရယ်)သံကလေးကို ပုထားပေးလိုက်တယ်
သူ့အပြာရောင်ထဲ
ခါးကုန်းနေတဲ့ သက်တံကလေးကို ပက်လက်လှန်လိုက်တယ်
ပြီးတော့ ခင်မောင်ရင်လို ခါးထောက်ပြီးပြောတယ်
ဖေဖေ သား နောက်တစ်ပတ်မှ လိမ္မာမယ်။ ။

mgyoe.com

mgyoe.com



## ဘော့နိုင်လန်လို နိဘယ်ဆုကို သူလည်း မဟာမခန့် ဖြူချင်သတဲ့

မီးကျည်မီးခဲတွေကို ငုံပြီး ဒင်နီလေချွန်လိုက်တယ်
လည်ချောင်းထဲက အရောင်ကိုင်းနေတဲ့ ငှက်မွေးတွေ
ဖွားခနဲ လွင့်ထွက်လာတော့
သူ့အဘွားက ဒုတိယကမ္ဘာစစ်တုန်းကကျည်ခွံတွေကောက်သလို
လိုက်ကောက်တယ်။
ဒေါ်နယ်ထရန့်ရဲ့ မိန့်ခွန်းဘေးမှာ သံချပ်ကာတစ်စီး
အရည်ပျော်စီးကျနေတယ်
အဟောင်းက ဘယ်မှာစပြီး အသစ်က ဘယ်မှာဆုံးမှာလဲ
၁၉၇၀ ခုနှစ်က မုန်တိုင်းနဲ့ သူ့ဂျင်းဘောင်းဘီအသစ်ပေါ်မှာ
ကျွန်တော်တို့ သဘော်အဟောင်းတွေ သောင်တင်ခဲ့တုန်းက…။ ။

mgyoe.com

mgyoe.com


## အမှတ်တရများ (၁)

သူမရဲ့ ကိုယ်အင်္ကျီအစိတ်အပိုင်းတွေထဲက ကျွန်တော့်ရဲ့ အနံ့အသက်တွေ
သင်ခန်းစာယူလို့ မဆုံးနိုင်တော့တဲ့ ကြက်တူရွေးရဲ့ ပခုံးပေါ်
ပင်လယ်ဓားပြက နှင်းဆီပန်းလို ပွင့်နေတယ်
ပလေးဘွိုင်းသန်းနိုင်သီချင်းနဲ့ အခြေအနေအရ လူကြီးလူကောင်း
ကြယ်တာရာလို့နာမည်ပေးထားတဲ့ ခွေးကလေး
ရှားမီးသကြားလုံးကနေ အစီခံမပါတဲ့
ဒူးယားစီးကရက်ဆီရောက်ဖို့
ကျွန်တော် ၁၅ နှစ်လျှောက်ခဲ့ရတယ်
သူငယ်ချင်းက ခုတင်အောက်မှာ နို့ဆီခွက်နဲ့နှပ်ထားတဲ့ ဆေးခြောက်လို့ စာလှမ်းပို့တယ်
တက္ကဆက်က အရက်ဆိုင်တွေလိုပဲ အန္တရာယ်ရှိတော့ အဲ့ဒီတုန်းက လက်ဖက်ရည်ဆိုင်သွားရင် သံလက်သီးနဲ့ မောင်းချဓားကို ထည့်ထည့်သွားရတယ်

mgyoe.com

mgyoe.com



၈၈ မှာ နိုင်ငံရေးကြေညာစာတမ်းကို ညွှန့်ရှပ်ရှင်ရုံမှာ
သွားကပ်တယ်
၈၉ မှာ ခရမ်းပြာထက်လူနဲ့ မိတ်ဆွေဖြစ်တယ်
ပြိုင်ဘီးကလေးတွေနဲ့ စကြဝဠာ
အပြင်ဘက်ထိလွင့်ကြတယ်
တစ်မြို့လုံး မြို့မငြိမ်းတွေချည်းပဲ
တစ်မြို့လုံး မာသာထရီဇာတွေချည်းပဲ
တစ်မြို့လုံး စတီဖင်ဟော့ကင်းတွေချည်းပဲ
ကဗျာဆရာ ပေါက်စကလေးဟာ
ညစျေးတန်းနားက အရက်ဆိုင်ထဲမှာ
ကိုချော နဲ့တိုက်မိပြီး မီးထပွင့်တယ်
မန္တလေးသိန်းဇော်ရဲ့ ဇာတ်ရုံထဲမှာ ကဗျာတွေ
ရွတ်ကြတယ်
အဲဒီတုန်းက အားလုံးဟာ အခြေအနေအရ
လူကြီးလူကောင်း။ ။

mgyoe.com

mgyoe.com


## ကိုယ်သာ 'အယ်လန်ဂျင်းစဘက်' ဆို အင်တာဗျူးနေတဲ့ 'ဂျွန်လော့တန်' ရဲ့ရင်ဘတ်ကို ပြေးကန်ထည့်လိုက်တယ်

လက်ထဲပိုက်ဆံရောက်မှ အင်ဂျင်က စပြီးလည်တယ်
သုံးလလောက်ငုံထားတဲ့ မီးခဲကို စားပွဲပေါ် ထွေးထုတ်လိုက်တော့
"ဒေါက်" ခနဲ ရေခဲတုံးကလေးလို ကျသွားတယ်။
"ဒေါက်" ခနဲ...။
"လီနင်" ရုပ်တုပေါ်က ဦးခေါင်းကို
"လီနင်" ပခုံးပေါ်ကနေ ဖြုတ်ချလိုက်သလို
ဒေါက်ခနဲ...။ ။

mgyoe.com

mgyoe.com



## သွားတွေ

သွားတွေက ဇာတ်လိုက်တွေ
မေးရိုးကိုခွဲထုတ်ပြီး
ကွန်ကရစ်လမ်းမပေါ် တဒေါက်ဒေါက်ခုန်ချနေတဲ့သွားတွေ
ကျည်ထိုးထားတဲ့သေနတ်ပြောင်းဝကိုငုံ့ကြည့်ရသလို
သွားတွေဟာကျွန်တော်တို့ကြောက်စိတ်ရဲ့ဦးနှောက်ကိုနင်းထားတယ်
သွားတွေဟာသံဆူးကြိုးတွေကိုစားတယ်
သွားတွေဟာရဲကားတွေကိုလည်းစားတယ်
သွားတွေဟာရိုင်ဖယ်ကျည်ဆန်တွေကိုလည်းစားတယ်
သွားတွေမှာသွားပဲပါပြီးအသည်းနှလုံးမပါတော့
သွားကသွားတွေကိုလည်းပြန်စားတယ်။
မီးကင်ထားလို့ ပူနွေးကြွပ်ရွနေတဲ့ အိမ်တွေကိုလည်း
သွားတွေကစားတယ်

mgyoe.com

mgyoe.com


မြို့ ဒိုင်းနက်နဲ့ ဒေသခံတိုင်းရင်းသားကိုလည်း
ရက်ရက်စက်စက်သွားတွေက စားပြန်တယ်
မေယုတောင်တန်းပေါ်ကနေ ဝါရှင်တန်ဒီစီအထိ
မာရာဝီမြို့ကနေ ကဘူးလ်မြို့တော်အထိ
အာဖဂန်နစ္စတန်ကနေ စပိန်နိုင်ငံ ဘာစီလိုနာအထိ
သွားတွေက သွားစိုက်ဆိုင်တွေ ဖွင့်ထားတယ်...။
သွားတွေရဲ့ သွေးကအနက်ရောင်
သွားတွေရဲ့ မူလနိုင်ငံတော်ကလည်းအနက်ရောင်
မုသား အသားတံဆိပ်နဲ့ သွားတွေရဲ့လျှာက
ငရဲအသားတံဆိပ်နဲ့ သွားတွေရဲ့လျှာက
ကမ္ဘာကိုတစ်ထစ်ပြီးတစ်ထစ်ရစ်ပတ်ထားတယ်
သွားတွေကကျီးကန်းတွေလိုပျံထွက်လာပြီး
ငါတို့ရဲ့စည်းရိုးတွေကိုထိုးဆိတ်တယ်
သွားတွေကကုလသမဂ္ဂရဲ့ အစီရင်ခံစာကိုကိုက်ချီလာတယ်
သွားတွေရဲ့လက်မောင်းမှာ အာဆာ ဆေးမင်ကြောင်နဲ့
သွားတွေရဲ့ သွားကြားထဲညှပ်နေတာက ကိုရမ် ကျမ်းစာ...။ ။

၃၁၊ ဩဂုတ်၊ ၂၀၁၇။

mgyoe.com

mgyoe.com



# သစ်တွာ မရှိယောအမွန်

အကောင်းဆုံးခြေစွမ်းကို
အကောင်းဆုံးအသက်အရွယ်မှာပဲရမယ်
မင်းရဲ့ကဗျာကိုဖတ်ရင်း ချောက်ထဲကျနေတယ်
တစ်ယောက်တည်းနေချင်တဲ့စိတ်ကို သတ်ဖြတ်ရင်း
ချောက်ထဲဆက်ကျနေတယ်
သစ်ရွက်က ကျောက်တုံးလိုလွင့်လာတာပဲ
နှင်းဆီပန်းကလေးနဲ့ ညည့်ခန်းကို ဆက်ပြီးထိန်းထားလိုက်ရင်

ညှို့တဲ့လက်ပေါ် ပြာချွေတမ်းကစားကြမယ်
နံရံမှာရေးထားတဲ့ ကျားရုပ်ဟာ တဖြည်းဖြည်းလှုပ်လာတယ်
ကြည့်နေရင်း ကားဟွန်းသံဟာ ကောက်ကွေးသွားတယ်
ကြည့်နေရင်း ပါးစပ်ထဲက ပတ်တီးလိပ်တွေ ထွက်ကျလာတယ်
စတီးချောင်းနေရာမှာ မေးရိုးနဲ့ အစားထိုးထားတာပဲ
ရွှေငါးကလေးကို သံချွန်တစ်ခုလို ငါးမွေးကန်ထဲ ရိုက်သွင်းထားလိုက်ရင်
ရေလို မီးလို မနက်ဖြန်လို နေရောင်ခြည်လို
ကမ္ဘာအနံ့ရောက်ချင်တယ်

mgyoe.com